# ကူးစက်မှုရှိသည် ဟူသော တွေ့ရှိချက်က မည်သည်ကို ဆိုလိုသနည်း။

တစ်ခါတစ်ရံတွင် စစ်ဆေးချက်က ကူးစက်မှုရှိသည် ဟု တွေ့နိုင်ပါသည်။ အကယ်၍သင့်စစ်ဆေးချက်မှာ ကူးစက်မှုရှိသည် ဟု တွေ့ရှိရပါက အဲ်ပွါယ်မှာ သင်သည် ဇာဠ ရောဂါကူးစက်မှု ရှိနေပြီဟု ဆိုလိုပါသည်။

ဤသို့တွေ့ရှိခြင်းက သင့်မှာ သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိသည်ဟု မဆိုလိုပါ။

သင်သည် အနာဂတ်တွင် သားအိမ်ခေါင်း ကင်ဆာရောဂါ ဖြစ်နိုင်သော အန္တရာယ် ရှိကောင်း ရှိနိုင်ပါသည်။

သင့်ဆရာဝန် သို့မဟုတ် သူနာပြုက နောက်ဘာဆက်လုပ်ရမည်ဆိုသည်ကို ပြောပြပါလိမ့်မည်။



သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးမှုကို ကျွန်ုပ် မည်သည့်နေရာဆွင် ပြုလုပ်ရမည်နည်း။

- ဆေးခန်းဖွင့်ကုသသော ဆရာဝန် (General Practitioner) (GP)
- - နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် မိသားစု စီမံရေးဆိုင်ရာ ဆေးခန်း (Family Planning NSW Clinic)
- - အမျိုးသမီးများ ကျန်းမာရေး ဆေးခန်း (Women's Health Centre)
- - အထူးကု ဆရာဝန် (သားဖွားမီးယပ်ရောဂါ ပါရဂူ) (Specialist) (Gynaecologist)

# သားအိမ်ခေါင်း ကင်ဆာရောဂါ၏ လက္ခဏာများမှာ အဘယ်နည်း။

သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးသည့်နည်းက သားအိမ်ခေါင်းတွင် HPV ကို ကင်ဆာမဖြစ်စေမီ ရှာဖွေသည်။

သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးသည့်နည်းသည် သားအိမ်ခေါင်းတွင် ကင်ဆာရောဂါလက္ခဏာများ မရှိသော အမျိုးသမီးများအတွက် ဖြစ်ပါသည်။

သားအိမ်ခေါင်း ကင်ဆာရောဂါ၏ ဖြစ်နိုင်သော ရောဂါလက္ခဏာအချို့မှာ -

- လိင်ဆက်ဆံပြီးချိန်တွင် မိန်မအင်္ဂါမှ သွေးထွက်ခြင်း
- -မွတာလာပြီးချိန်နှင့် နောက်တစ်ကြိမ်မလာမီအကြား မိန်မအင်္ဂါမှ သွေးထွက်ခြင်း
- မီးယပ်သွေးဆုံးပြီးချိန်တွင် မိန်မအင်္ဂါမှ သွေးထွက်ခြင်း
- မိန်းမအင်္ဂါမှ အရည်များဆင်းခြင်း တို့ ဖြစ်ပါသည်။

အကယ်၍သင့်မှာ ဤရောဂါလက္ခဏာများရှိရုံနှင့် သင် သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိနေသည်ဟု မဆိုလိုပါ။ အကယ်၍သင့်မှာ ဤရောဂါလက္ခဏာများရှိပါက သင် နောက်တစ်ကြိမ် သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးခြင်းကို စောင့်မနေသင့်ပါ။ သင့်အနေနှင့် သင့်ဆရာဝန်ကို ချက်ခြင်းတွေ့သင့်ပါသည်။

အရည်ဆင်းခြင်း **(Discharge)** ဆိုသည်မှာ အမျိုးသမီး အင်္ဂါဇာတ်မှ ဆင်းလာသော အရည်ကို ခေါ်ပါသည်။


# တစ်နိုင်ငံလုံးဆိုင်ရာ ကင်ဆာရောဂါ ရှိမရှိ စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ မှတ်ပုံတင်ဌာန **(National Cancer Screening Register)**

ဩစတြေးလျားနိုင်ငံတွင် ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးခြင်း မှတ်ပုံတင်ဌာနသစ် ရှိပါသည်။

တစ်နိုင်ငံလုံးဆိုင်ရာ ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးခြင်း မှတ်ပုံတင်ဌာနသည် အမျိုးသမီးများထံ စာများပေးပို့ပါသည်။ ထိုစာများက သင် မည်သည့်အချိန်တွင် သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိမရှိ စမ်းသပ် စစ်ဆေးရန် လိုအပ်သည်ကို အသိပေးပါလိမ့်မည်။

ပိုမိုသိလိုပါက **(For more information),** ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် **www.fpnsw.org.au/know-your-health-cervical-screening** တွင်ကြည့်ပါ သို့မဟုတ် နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် မိသားစု စီမံရေးဆိုင်ရာ ဆွေးနွေးသည့်ဖုန်းလိုင်း **(Family Planning NSW Talkline)** ထံ **1300 658 886** ကို ဖုန်းဆက်ပါ သို့မဟုတ် **www.fpnsw.org.au/talkline** တွင် ကြည့်ပါ။

သင့်ဘာသာစကားဖြင့် တစ်ဦးဦးကို ပြောလိုပါက ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting Service) (TIS) ကို 131 450 တွင်ဆက်သွယ်ပါ။ သူတို့ကို နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် မိသားစု စီမံရေးဆိုင်ရာ ဌာန (Family Planning NSW) နှင့် ဆက်သွယ်ပေးရန် ပြောပါ။



သင့်ကျန်းမာရေးကို သိရှိပါ


family planning nsw
Reproductive & Sexual Health



# သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိမရှိ စမ်းသပ်စစ်ဆေးမှု

NSW GOVERNMENT
Cancer Institute NSW

# သားအိမ်ခေါင်း ကင်ဆာရောဂါဆိုသည်မှာ အဘယ်နည်း။။




ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ကလာပ်စည်း (ဆဲလ်) သန်းပေါင်းများစွာဖြင့် တည်ဆောက်ထားပါသည်။

ဆဲလ်အသစ်များ နေ့စဉ် ဖြစ်ထွန်းသည်။

တစ်ခါတစ်ရံ ဆဲလ်များ တစ်နည်းတစ်ဖုံ ကြီးထွားသည့်အခါ သူတို့သည် ကင်ဆာအဖြစ်သို့ ပြောင်းနိုင်ပါသည်။

တစ်ခါတစ်ရံ ဆဲလ်များ တစ်နည်းတစ်ဖုံ ကြီးထွားသည့်အခါ သူတို့သည် ကင်ဆာအဖြစ်သို့ ပြောင်းနိုင်ပါသည်။

သားအိမ်ခေါင်းသည် ခန္ဓာကိုယ်အတွင်း သားအိမ်လမ်းကြောင်း၏ အပေါ်ပိုင်းတွင်တည်ရှိသည်။

# သားအိမ်ခေါင်း ကင်ဆာရောဂါကို မည်သည့်အရာက ဖြစ်စေသနည်း။

သားအိမ်ခေါင်း ကင်ဆာရောဂါသည် လူသားများတွင်ဖြစ်တတ်သော ပါပီလိုမား ရောဂါပိုး (Human papillomavirus) ကြောင့် ဖြစ်ပွားပါသည်။ လူသားများတွင်ဖြစ်တတ်သော ပါပီလိုမား ရောဂါပိုးကို တစ်ခါတစ်ရံ (HPV) ဟု ခေါ်ကြပါသည်။

HPV အမျိုးအစား များစွာရှိပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ HPV ကူးစက်နိုင်ပါသည်။ HPV သည် အလွန် ဖြစ်လေ့ဖြစ်ထ ရှိသည်။ လိင်ဆက်ဆံမှု ပြုဘူးသူတိုင်း HPV ကူးစက်ဖြစ်ပွားနိုင်ပါသည်။

HPV သည် မကြာခဏ ပြဿနာမရှိဘဲ သူ့အလိုလို ပျောက်ကင်းတတ်ပါသည်။ တစ်ခါတစ်ရံတွင် HPV သည် သင့်သားအိမ်အတွင်းမှ ဆဲလ်များကို ပြောင်းလဲစေနိုင်သည်။ ထိုပြောင်းလဲမှုများက ကင်ဆာရောဂါ အဖြစ်သို့ ရောက်စေနိုင်ပါသည်။ ထိုပြောင်းလဲမှုများမှာ အလွန် နှေးကွေးစွာ ဖြစ်ပွားသည်။

ထိုပြောင်းလဲမှုများက ကင်ဆာရောဂါ အဖြစ်သို့ ရောက်ရှိရန် 15 နှစ်အထိ ကြာမြင့်တတ်ပါသည်။ တစ်ခါတစ်ရံတွင် ထိုပြောင်းလဲမှုများက ကင်ဆာရောဂါ အဖြစ်သို့ လုံးဝ ပြောင်းလဲခြင်း မရှိပါ။ သင် သားအိမ်ခေါင်းတွင် HPV ရှိ၊မရှိသိရန် စစ်ဆေးမှု ပြုလုပ်နိုင်ပါသည်။

လိင်နှင့်ဆိုင်သော အထိအတွေ့ဆိုသည်မှာ တစ်ဦး၏ အရေပြားနှင့် အခြားသူတစ်ဦး၏ အရေပြားတို့ ထိတွေ့မှုကိုခေါ်ပြီး -

- လူတစ်ဦး၏ လိင်အင်္ဂါများနှင့် အခြားသူတစ်ဦး၏ လိင်အင်္ဂါများ ထိတွေ့မှု သို့မဟုတ်
- လူတစ်ဦး၏ လိင်အင်္ဂါများနှင့် အခြားသူတစ်ဦး၏ လိင်အင်္ဂါများ ထိတွေ့မှု သို့မဟုတ်

လိင်အင်္ဂါများကို တစ်ခါတစ်ရံ 'အင်္ဂါဇာတ်'ဟုလည်း ခေါ်ပါသည်။ လိင်အင်္ဂါများမှာ -

- လိင်တံ
- မိန်းမ အင်္ဂါအဝနှင့် သားအိမ်လမ်းကြောင်း

# သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးသည့် နည်းသစ် **(The new Cervical Screening Test)**

ဩစတြေးလျားနိုင်ငံတွင် စမ်းသပ် စစ်ဆေးသည့်နည်းသစ် ရှိပါသည်။ ၎င်းကို သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးသည့်နည်း ဟုခေါ်ပါသည်။

သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးသည့်နည်းက HPV ရောဂါပိုး သားအိမ်ခေါင်းတွင် ရှိ၊မရှိ ရှာဖွေစစ်ဆေးသည်။ သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးသည့်နည်းသည် (Pap test) ကို အစားထိုးသည်။

သင့်အတွက် ယခုအခါ (Pap test) အစား သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ် စစ်ဆေးသည့်နည်းကို အသုံးချပါမည်။ သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ် စစ်ဆေးသည့်နည်းက ဆဲလ်များ ကင်ဆာအဖြစ် မပြောင်းလဲမီ ရှာဖွေတွေ့ရှိရန် အကူအညီဖြစ်စေသည်။

### မည်သူများက သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ် စစ်ဆေးသည့်နည်းဖြင့် စစ်ဆေးခံရမည်နည်း

အသက် 25 နှစ်နှင့် 74 နှစ်အကြား လိင်ဆက်ဆံဘူးသူ အမျိုးသမီးများသည် ဤစစ်ဆေးမှုကို ပြုလုပ်သင့်ပါသည်။

အမျိုးသမီးငယ်များသည် သူတို့၏ 25 နှစ်မြောက်မွေးနေ့ဝန်းကျင်တွင် သူတို့၏ ပထမဦးဆုံးသော စမ်းသပ်စစ်ဆေးမှုကို ပြုလုပ်သင့်ပါသည်။

### မည်သည့်အချိန်တွင် ကျွန်ုပ် သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ် စစ်ဆေးခံသင့်သနည်း။

- သင့်အနေနှင့် 5 နှစ်တစ်ကြိမ် စစ်ဆေးခံသင့်ပါသည်။
- အကယ်၍သင်သည် 2017 December မတိုင်မီ Pap test ကို ပြုလုပ်ခဲ့ပြီးပါက သင့်အနေနှင့် နောက်ဆုံး Pap test ပြုလုပ်ပြီး နှစ်နှစ်ကြာမှ နောက်ထပ် စစ်ဆေးမှု ပြုလုပ်ရပါမည်။
- အကယ်၍သင်သည် 2017 December နောက်ပိုင်းမှ သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ် စစ်ဆေးသည့်နည်းဖြင့် စစ်ဆေးခဲ့ပါက သင့်အနေနှင့် 5 နှစ်တစ်ကြိမ် စစ်ဆေးခံရပါမည်။

# သားအိမ်ခေါင်း ကင်ဆာရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးမှုကို မည်ကဲ့သို့ ပြုလုပ်သနည်း။

ဆရာဝန် သို့မဟုတ် သူနာပြုက သင့်အား ခါးအောက်ပိုင်းမှအဝတ်များကို ချွတ်ခိုင်းပါလိမ့်မည်။

သင့်အနေနှင့် ဂါဝန်အရှည်ကို ဝတ်လိုက ဝတ်နိုင်ပါသည်။ သို့မှသာ သင် အဝတ်များကို ချွတ်နေစရာမလိုဘဲ ဂါဝန်ကို မ, တင်နိုင်ပါသည်။

သင် စမ်းသပ်စစ်ဆေးသည့် ကုတင်ပေါ်တွင် လဲလျောင်းနေရပါမည်။ သင့်ဒူးခေါင်းများကို အပေါ်ထောင်ပြီး ကွေးထားရပါမည်။

ဆရာဝန် သို့မဟုတ် သူနာပြုက သင့်သားအိမ်ခေါင်းမှ ဆဲလ်အချို့ရယူရန်အတွက် အထူးပြုလုပ်ထားသည့် ကိရိယာများကို အသုံးပြုပါလိမ့်မည်။

ထိုဆဲလ်များကို စမ်းသပ်စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ ပို့ပါလိမ့်မည်။

သင့်အတွက်တွေ့ရှိချက်များ ပြန်ရောက်လာသည့်အခါ ဆရာဝန် သို့မဟုတ် သူနာပြုက သင့်ကို ခေါ်ကောင်း ခေါ်ပါလိမ့်မည်။

သင့်အတွက်တွေ့ရှိချက်များကို သင် စာဖြင့်လည်း ရကောင်း ရနိုင်ပါသည်။

